ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၃ ၊ အမှတ် ၉ ၂၀၁၈ ခုနှစ် ၊ ဇွန်လ ၁ ရက်

## အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ USAID-ACTI Consultant ဖြစ်သူ Mr. Bob Keller နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



၂၀၁၈ ခုနှစ် ၊ မေလ (၈) ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၊ အစည်းအဝေးခန်းမ (၁) ၌ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် USAID-ACTI consultant ဖြစ်သူ Mr. Bob Keller နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသည် Risk Assessment ဆိုင်ရာ အသိပညာများ ၊ ASEAN Single Window သတင်းအချက်အလက်များဖလှယ်ရာတွင် pre-arrival clearance နှင့် စပ်လျဉ်းသော ကိစ္စရပ်များ ၊ အခြားသော အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်သောလုပ်ငန်းစဉ်များနှင့်ပတ်သက်သော အသိပညာများဖလှယ်ရန် ရည်ရွယ်၍ ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးသို့ အကောက်ခွန်ဦးစီးဌာန မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ နှင့် လက်ထောက်ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ပါသည်။

# အာဆီယံပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး နည်းပညာ လုပ်ငန်းအဖွဲ့၏ (၄၃) ကြိမ်မြောက် အစည်းအဝေး ကျင်းပခြင်း




၂၀၁၈ ခုနှစ် ၊ မေလ (၈) ရက်နေ့ မှ (၁၁) ရက်နေ့အထိ ရန်ကုန်မြို့ ၊ Pan Pacific Hotel ၌ ကျင်းပပြု လုပ်သော အာဆီယံ ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော် ဆောင်ရွက်ရေး နည်းပညာလုပ်ငန်းအဖွဲ့ (The 43rd Meeting of the Working Group on Technical Matters for the ASW) ၏ (၄၃) ကြိမ်မြောက် အစည်းအဝေးသို့ အကောက်ခွန်ဦးစီးဌာန ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) ဦးအောင်ဆန်းထွန်း တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါအစည်းအဝေးကို အာဆီယံ ပြတင်းတစ်ပေါက်စနစ် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ အကောင်အထည်ဖော်ဆောင်မည့် မူဝါဒနှင့် ဥပဒေရေးရာ လုပ်ထုံးလုပ်နည်းများကို ညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ် စုစုပေါင်း (၄၀) ဦး တက်ရောက်ခဲ့ပါသည်။

# မြန်မာ့အကောက်ခွန်အရာရှိများ၏ လုပ်ငန်းစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခြင်း



၂၀၁၈ ခုနှစ် ၊ မေလ (၁၄) ရက်နေ့ မှ (၁၈) ရက်နေ့အထိ ကိုရီးယားနိုင်ငံ ၊ ချိုနမ်မြို့ရှိ အကောက်ခွန်သင်တန်းကျောင်းတွင် ကိုရီးယားအကောက်ခွန် မှ ကျင်းပပြုလုပ်သည့် မြန်မာ့အကောက်ခွန်အရာရှိများ၏ လုပ်ငန်းစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယဉ်မျိုးမင်း ဦးဆောင်၍ အကောက်ခွန်အရာရှိ (၁၀) ဦး တက်ရောက်ခဲ့ပါသည်။

# အင်ဒိုနီးရှားနိုင်ငံ ဆီမရမ်မြို့တွင် ကျင်းပသော အကြမ်းဖက်ဆန့်ကျင် တိုက်ဖျက်ရေးနှင့် နိုင်ငံခြားအကြမ်းဖက်သမားများ တိုက်ဖျက်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခြင်း



၂၀၁၈ခုနှစ် မေလ (၇) ရက်နေ့မှ (၁၁) ရက်နေ့ထိ အင်ဒိုနီးရှားနိုင်ငံ ဆီမရမ်မြို့ ၊ Jakartar Centre for Law Enforcement Cooperation (JCLEC) သင်တန်းကျောင်းတွင် ကျင်းပခဲ့သော အကြမ်းဖက်ဆန့်ကျင်တိုက်ဖျက်ရေးနှင့် နိုင်ငံခြားအကြမ်းဖက်သမားများ တိုက်ဖျက်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမင်းကြည်တက်ရောက်ခဲ့ပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ အာဆီယံဒေသတွင်းရှိ အဖွဲ့ဝင်များတက်ရောက်ခဲ့ကြပြီး အကြမ်းဖက်မှုများနှင့် နိုင်ငံခြားအကြမ်းဖက်မှုများပေါ်ပေါက်ခဲ့ပါက အရှေ့တောင်အာရှအဖွဲ့ ဝင်နိုင်ငံများအနေဖြင့် အကြမ်းဖက်မှုသတင်းအချက်အလက်များဖလှယ်ခြင်း၊ ရယူခြင်း၊ နယ်စပ်မှဝင်ရောက်လာသည့် ခရီးသည်များအား စုံစမ်းထောက်လှမ်းခြင်း၊ စိစစ်ခြင်း၊ သုံးသပ်ခြင်း၊ အကဲဖြတ်ခြင်းများ သိရှိကျင့်သုံးနိုင်စေရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ပြီး အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ် (၂၃) ဦး တက်ရောက်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၇၉၁.၂၁၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေလ (၁) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၃၁၃) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၁၇၉၁.၂၁၆) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်







လေဆိပ်တားဆီးမှုအနေဖြင့် တားဆီးမှု (၄) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၃၉.၂၅၀) သန်းခန့်ရှိသည့်အနက် ၂၉-၅-၂၀၁၈ ရက်နေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ MI-518 ဖြင့် စင်္ကာပူနိုင်ငံမှ ရန်ကုန် သို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားခရီးသည်ထံမှ စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ဆေးဝါး (5) Items, (95) Nos၊ ခန့်မှန်းတန်ဖိုးကျပ် (၃၇) သန်းခန့်အား တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၇၉၁.၂၁၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း





ဆိပ်ကမ်းတားဆီးမှုအနေဖြင့် တားဆီးမှု (၃) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၃၉.၃၂၉) သန်းခန့်ရှိသည့်အနက် ၂၄-၅-၂၀၁၈ ရက်နေ့တွင် MITT ဆိပ်ကမ်း၌ Y.G.N Global Service Group Co., Ltd မှ တင်သွင်းလာသော Reconditioned Mini Bus (L.H.D) Brand Name- KIA Grand Carnival, Mdl-2008 , C/O- Korea , (1) U အား တာဝန်ကျ အကောက်ခွန် စစ်ဆေးရေးအဖွဲ့မှစစ်ဆေးခဲ့ရာ ID/IL တွင် Mini Bus (L.H.D) ဟု ကြေငြာထားသော်လည်း မျက်မြင်စစ်ဆေးချက်အရ Wagon Type အဖြစ်စစ်ဆေးတွေ့ရှိရသဖြင့် ၊ ခန့်မှန်းတန်ဖိုးကျပ် (၁၅.၄၆၁) သန်းခန့်အားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၇၉၁.၂၁၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း



နယ်မြေတားဆီးမှုအနေဖြင့် တားဆီးမှု (၃၀၆) မှုရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာကျပ် (၁၇၁၂.၆၃၇) သန်းခန့်ရှိသည့် အနက် ၁-၅-၂၀၁၈ ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ် (၂) စီးအား မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် HUAWEI Y3 2017 Handset (၅၂၁) လုံး၊ Best L9 Handset (၂၈၆) လုံး ၊ ဓာတ်မီး (၃၁၂) ခု ၊ Car Spare Parts (၃၀၀) ကီလိုဂရမ် ၊ ဝါယာကြိုး (၃၀၀) ကီလိုဂ၇မ်၊ ပိတောက်ခါးရွေ ခွဲသား (၁၄၅) ချောင်း ၊ (၀.၇၂၀) တန် နှင့် ပစ္စည်း သယ်ဆောင်သည့် ယာဉ် (၁) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၆၁.၅၆၂) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၇၉၁.၂၁၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၇-၅-၂၀၁၈ ရက်နေ့တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ကောင်းဟော်ကျေးရွာအနီး၌ မသက်ာဖွယ် WISH ယာဉ်(၁) စီးအားတွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တင်သွင်း/တင်ပို့ခြင်း ခွင့်မပြုသည့် တရားမဝင် မြွေပွေးအရှင် (၂၉၆) ကောင်၊ မြွေပွေးအသေ (၂၃) ကောင် ၊ စုစုပေါင်း (၁၃၂) ပိဿာ ၊ လင်းမြွေအရှင် (၂၁၆) ကောင် ၊ လင်းမြွေအသေ (၁၆၉) ကောင် ၊ စုစုပေါင်း (၁၄၇) ပိဿာ နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ် (၁) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၄.၃၃၇) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၈ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၇၉၁.၂၁၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု




ထူးခြားဖမ်းဆီးမှုအနေဖြင့် ၃၀-၅-၂၀၁၈ ရက်နေ့တွင် မရမ်းချောင်း အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် MITSUBISHI FUSO (TRUCK) ယာဉ်အား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Ammonium Nitrate (၉၉.၃၉%) ၊ ၃၃၅ အိတ် (၁၆၇၀၀ ကီလိုဂရမ်ခန့်) နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ် (၁) စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၂.၅၃၂) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ မေလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | ၁၀ မှု | ၁၀ မှု | ၁၂၂.၀၉၇ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၁၀ မှု | ၁၀ မှု | ၂၁.၃၀၁ သန်း |
| | စုစုပေါင်း | - | ၂၀ မှု | ၂၀ မှု | ၁၄၃.၃၉၈ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၈) ရက်နေ့ မှ (၃၁-၅-၂၀၁၈) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၃၆) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း(၂၃၆.၅၀၇) သန်းခန့်အား တားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့် လူသုံးကုန်ပစ္စည်းများနှင့် ကားအပိုပစ္စည်းများအား လေလံစနစ်ဖြင့် ရောင်းချခြင်း




စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများအား (၂၄-၅-၂၀၁၈) ရက်နေ့တွင် လေလံစနစ်ဖြင့်ရောင်းချခြင်းကို ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ ၊ ညွှန်ကြားရေးမှူး ဦးနေလင်း မှ ဥက္ကဋ္ဌအဖြစ် ပါဝင်သော လေလံရောင်းချရေးအဖွဲ့ဖြင့် လေလံအုပ်စု (၃) စု အားဈေးပြိုင် ရောင်းချခဲ့ရာ စုစုပေါင်းကျပ် (၈၄.၃) သန်းရရှိခဲ့ပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့် ဘီယာမျိုးစုံ ၊ မှတ်ပုံတင်ထားခြင်း မရှိသော ဆေးဝါးများ၊ ကွမ်းစားဆေးများနှင့် E-Cigarettes အရည်များ ဖျက်ဆီးခြင်း



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ဘီယာမျိုးစုံ ၊ မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ကွမ်းစားဆေးများနှင့် E-Cigarettes အရည်များ ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၂၄.၉၂၃) သန်းခန့်အား (၂၉-၅-၂၀၁၈) ရက်နေ့တွင် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ ၊ ညွှန်ကြားရေးမှူး ဦးနေလင်း ဥက္ကဌအဖြစ် ပါဝင်သော ဖျက်ဆီးရေးအဖွဲ့ဖြင့် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ ရုံးဝင်းအတွင်း စနစ်တကျ ဖျက်ဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

Diesel Fuel များကို Re export တင်ပို့မည်ဖြစ် ပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 2710.19.17 ဖြစ်ပြီး အကောက်ခွန် 1.5% ကုန်သွယ်လုပ်ငန်းခွန် 0% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။






ပရိဘောဂ ပစ္စည်းများ တင်ပို့လိုပါသဖြင့် လိုင်စင် လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်လိုအပ်ကြောင်း ၊ HS Code မှာ 9401.00.00 ဖြစ်ပြီး အကောက်ခွန် 20% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ ပါသည်။

Sewing Machine (အပ်ချုပ်စက်) များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 8452.00.00 ဖြစ်ပြီး အကောက်ခွန် 1% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။







စားတော်ပဲများ ပြည်ပသို့ တင်ပို့လိုပါသဖြင့် လိုင်စင် လို/မလို၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ HS Code မှာ 0713.10.10 ဖြစ်ပြီး အကောက်ခွန် 0% ၊ ကုန်သွယ်လုပ်ငန်းခွန် Exempted နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍

ကျောင်းသုံး ဗလာစာအုပ် (Used) များ တင်ပို့လိုပါသဖြင့် လိုင်စင်လို/မလို ၊ HS Code နှင့် Duty Rate အား မေးမြန်းရာလိုင်စင်အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတွင် လျှောက်ထားရမည်ဖြစ်ကြောင်း HS Code မှာ 4901.99.10 ဖြစ်ပြီး Duty Rate မှာ Exempted ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။






Copper Pipe များ တင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလိုမေးမြန်းခဲ့ရာလိုင်စင်လိုအပ်ကြောင်းပြန်လည် ဖြေကြားခဲ့ပါသည်။

Aluminium Slide Door များ တင်သွင်းလိုပါသဖြင့် HS Code နှင့် လိုင်စင်လို/မလို အားမေးမြန်းရာ HS Code မှာ 7610.10.00 ဖြစ်ပြီး လိုင်စင်မလိုအပ်ကြောင်းနှင့် အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။



Importer and Exporter Code (I/E Code) လျှောက်ထားရန် လာရောက်မေးမြန်းရာ ကုမ္ပဏီ မှတ်ပုံတင် Form VI , XXVI နှင့် ကိုယ်စားလှယ်လွှဲစာတို့ လိုအပ်ပြီး လျှောက်ထားရန်အတွက် MACCS ဌာနခွဲ User Registration ဌာနစိတ်သို့ သွားရောက်လျှောက်ထားနိုင်ပြီး Website တွင်လည်းဖော်ပြ ထားကြောင်းဖြေကြားခဲ့ပါသည်။